

# ရှစ်လေးလုံး သံဓိဋ္ဌာန်

အမျိုးသားလွတ်မြောက်ရေး အစ
ခွပ်ဒေါင်းကဖြစ်တယ်။

ဗိုလ်အောင်ကျော် မှ
ကိုမင်းကိုနိုင်
ကိုကျော်ကို တို့ခေတ်
ခေတ်အဆက်ဆက်
မျိုးဆက်သွေးသစ်
သမိုင်းကို နှလုံးသွေးနဲ့ ထုဆစ်သွန်းလောင်း
မြင့်မြတ်တဲ့ သူရဲကောင်း
ဦးမညွတ်တဲ့ ခွပ်ဒေါင်းတွေ။

အမျိုးသားလွတ်မြောက်ရေး
ငြိမ်းချမ်းရေး
ဒီမိုကရေစီရေး
စစ်အာဏာရှင် ဆန့်ကျင့်ရေး
အဲဒီ အရေးတော်ပုံ သမိုင်းတွေထဲက
ဗကသ
တကသ
ရကသ
အကသ
သမဂ္ဂနဲ့ ခွပ်ဒေါင်းအလံ
လွတ်ကြောင်းကြံခဲ့ အရေးတော်ပုံများ။

ငါတို့ခေတ်
ရှစ်ဆယ့်ရှစ်အသံ
မောင်းပြန်လားဟေ့
ဟေ့ဒီမှာ ဒေါင်းအလံ
မောင်းပြန်ကို ဒေါင်းအလံနဲ့တိုက်မယ်ဟေ့ လို့
ပြည်သူတွေရဲ့ရှေ့က ရဲရဲနီခဲ့ ခွပ်ဒေါင်းများ။

ရှစ်လေးလုံးသံဓိဋ္ဌာန်
ကျောင်းနံ့ရံတစိုက်
ဒေါင်းအလံပြန်စိုက်မယ် ဟေ့ ။ ။

နီလွင်သွေး(ဒဿနိက) ၈၊၁၅၊၂၀၁၀